# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ဟိုဆဲတက္ကသိုလ်မှပါမောက္ခနှင့် ကျောင်းသားကျောင်းသူများ သီလဝါသို့ လာရောက်လေ့လာခြင်း (၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်)




၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဟိုဆဲတက္ကသိုလ်မှ ပါမောက္ခနှင့် ကျောင်းသားကျောင်းသူ၈ယောက်သည်သီလဝါစက်မှုဇုံသိုလာရောက်လေ့လာခဲ့ကြပါသည်၊သီလဝါကိုလာရောက်လည်ပတ်စဉ်အတွင်း ကျောင်းသူကျောင်းသားများနှင့်ပါမောက္ခသည်သီလဝါအထူးစီပွားရေးဇုံစီမံခန့်ခွဲမှုကော်မတီမှအတွင်းရေးမှူးနှင့် တွေ့ဆုံကာဂျိုက်ကာ၏ကန့် ကွက်မှုယန္တရားသည်မြန်မာအစိုးရပေါ်တွင် တိုက်ရိုက်(သို့)သွယ်ဝိုက်လွှမ်းမိုးမှုရှိသလားနှင့်ပတ်သက်၍မေးမြန်းခဲ့ပါသည်။ အတွင်းရေးမှူးမှ မြန်မာအစိုးရအနေဖြင့်စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ၏ လူမှုစီးပွားအခြေအနေတိုးတက်လာအောင် ကူညီရန်အစီအစဉ်ရှိပြီးသား ဖြစ်ကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုံ၏စီမံခန့်ခွဲမှုကော်မတီမှ ကန့်ကွက်မှုများကြောင့်ထောက်ပံ့ပေးမှုများကို ပြုလုပ်နေခြင်းမဟုတ်ကြောင်း ဖြေကြားခဲ့ပါသည်။ဂျိုက်ကာနည်းပညာအကြံပေးအဖွဲ့နှင့် တွေ့ဆုံကာအဖွဲ့ခေါင်းဆောင်မှလက်ရှိဆောင်ရွက်နေမှုများနှင့် ပြင်ပစောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာ၏ ရလာဒ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## Professor and students from Hosei University visited toThilawa on (1st Sep 2016)



A professor and eight students from Hosei University visited to Thilawa on 1st September 2016. They are interested in the Objection Mechanism of JICA since the Thilawa SEZ is the first case on the "objections" submitted by the project affected people. In their visit to Thilawa, the students and professor met with the secretary of TSMC and they asked him that how the JICA's Objection Mechanism gives direct or indirect influences on the Government of Myanmar. The secretary answered that the government of Myanmar already had a plan to assist for the improvement of the socio-economic condition of the project affected people and the support from TSMC is not because of this Objection. They also met with the JICA Expert Team and the team leader of JET explained the activities and the result of external monitoring with the power point presentation.

## လူထုဖွံ့ဖြိုးရေးစင်တာ တည်ဆောက်မှုအတွက် လစဉ် နှင့် အပတ်စဉ် အစည်းအဝေး (၂၀၁၆ ခုနှစ် စက်တင်ဘာလ )




MJTD,အတိုင်ပင်ခံအဖွဲ့နှင့် ဆောက်လုပ်ရေးကုမ္ပဏီတိုသည်ယခုလ ၇ ရက်နေ့တွင် လစဉ်ပုံမှန်အစည်းအဝေးကိုကျင်းပခဲ့ကြပါသည်။ ထိုအစည်းအဝေးပွဲတွင် ရေးဆွဲထားသောအစီအစဉ်နှင့်လက်ရှိတည်ဆောက်ရေးလုပ်ငန်းအခြေအနေ၊HSE၊အသုံးပြုရန်ပစ္စည်းများနှင့်စင်တာအတွက်လျှပ်စစ်မီးရရှိရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပါသည်။ထိုအပြင်အဆောက်အဦးတည်ဆောက်ခြင်းနှင့်သက်ဆိုင်သည့်သတ်မှတ်ချက်များ၊ရှေ့ဆက်လုပ်ဆောင်နေသောဆောက်လုပ်ရေးလုပ်ငန်း၏တိုးတက်မှုအခြေအနေတိုကိုရေးဆွဲထားသောလုပ်ငန်းအစီအစဉ်နှင့် နှိုင်းယှဉ်စစ်ဆေးခြင်း၊ မြေဖိုသည့် နည်းစနစ်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး အစရှိသောကိစ္စရပ်များကလည်းဆွေးနွေးခဲ့ကြပါသည်။

## Monthly and Weekly Progress Meeting about the construction of Community center (September 2016)




Monthly progress meetings with MJTD, the consultant, the main contractor and IRP team were held every Wednesday of the first week of each month. And weekly meetings were held in every Wednesday. In these meetings, the construction schedule and the progress of construction, Health, Security and Environmental (HSE), Construction materials to be used and power supply for the center were discussed. Moreover, the technical specifications, progress of construction situation compared with the planning schedule, backfill compaction method, the quality of materials that are used at the construction were also discussed in these meetings.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## သီလဝါအထူးစီးပွားရေးဇုံပတ်ဝန်းကျင်ရှိကျေးရွာလူထုအပေါ် လူမှုစီးပွားသက်ရောက်မှုများနှင့်ပတ်သက်၍သက်ဆိုင်ရာအဖွဲ့အစည်းများ၊နိုင်ငံတကာပညာရှင်များနှင့်အစည်းအဝေးပြုလုပ်ခြင်း




၂၀၁၆ခုနှစ်စက်တင်ဘာလ၆ရက်နေ့တွင်လူထုအကျိုးပြုအဖွဲ့၏ခေါင်းဆောင်၊လူထုဆက်ဆံရေးအရာရှိနှင့်လက်ထောက်ဖြစ်သူတို့မှသီလဝါအထူးစီးပွားရေးဇုံပတ်ဝန်းကျင်ရှိကျေးရွာလူထုအပေါ် လူမှုစီးပွားသက်ရောက်မှုများနှင့် MJTD မှ ရပ်ရွာအတွက်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ဆွေးနွေးပြောဆိုခဲ့ပါသည်။ ထို့အပြင် OSSC မှ အရာရှိ၊ MJTDမှလက်ထောက်မန်နေဂျာတို့နှင့်တွေ့ဆုံကာသီလဝါအထူးစီးပွားရေးဇုံအတွင်းနှင့်ဘေးပတ်လည်တွင်ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သောအကြောင်းအရာများကိုလည်းတွေ့ဆုံဆွေးနွေးခဲ့ပါသည်။သီလဝါစက်မှုဇုံအတွင်းရှိ လုပ်သားကိစ္စနှင့်ပတ်သက်၍OSSC၏အလုပ်သမားရေးရာဌာနတွင်အစည်းအဝေးပြုလုပ်ခဲ့ပါသည်။၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင်လည်းသီလဝါအထူးစီးပွားရေးဇုံအတွင်းနှင့်ဘေးပတ်လည်၌ကွင်းဆင်းလေ့လာမှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

## သီလဝါအထူးစီးပွားရေးဇုံအနီးပတ်ဝန်းကျင်ရှိလူထု၊သန်လျင်မြို့နယ်နှင့်ကျောက်တန်းမြို့နယ်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကို သီလဝါစက်မှုဇုံဖွံ့ဖြိုးတိုးတက်လာမှုနှင့် ပတ်သက်သောအကြောင်းအရာများကို တွေ့ဆုံမေးမြန်းခြင်း(၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၆ မှ ၃၀ ရက်နေ့အထိ)





သီလဝါအထူးစီးပွားရေးဇုံပတ်ဝန်းကျင်အနီးသန်လျင်မြို့နယ်အတွင်းရှိဘုရားကုန်းရွာ၊လက်ယက်စမ်းရွာ၊အလွမ်းဆွတ်ရွာနှင့်ကျောက်တန်းမြို့နယ်အတွင်းရှိ အေးမြသီတာရပ်ကွက်၊ရွှေပြည်သာယာရပ်ကွက်၊ညောင်ပိုင်းရွာနှင့်ရွှေပျောက်ရွာမှရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်တွေ့ဆုံကာလူမှုစီးပွားရေးနှင့်သက်ဆိုင်သောမေးခွန်းများကိုမေးမြန်းခဲ့ပါသည်။အဆိုပါအုပ်ချုပ်ရေးမှူးတို့ထံမှသီလဝါအထူးစီးပွားရေးဇုံနှင့်ပတ်သက်၍သူတို့၏ထင်မြင်ယူဆချက်နှင့်သိမြင်နားလည်မှုများ၊လက်ရှိကြုံတွေ့နေရသောလူမှုစီးပွားအခြေအနေများအကြောင်းကိုကြားသိရခြင်းအပြင်ဒေသအတွင်းရှိအခြေခံအကြောင်းအရာအချက်အလက်များကိုလည်းရရှိခဲ့ပါသည်။သီလဝါအထူးစီးပွားရေးဇုံကြောင့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးကိစ္စအချို့တွင်ထိခိုက်မှုရှိသော်လည်းပြည်တွင်းစီးပွားတိုးတက်ရန်အတွက်အထူးစီးပွားရေးဇုံမှာဖွံ့ဖြိုးတိုးတက်သင့်သည်ဟု ထင်မြင်မိကြောင်း ကြားသိခဲ့ရပါသည်။ လူထုမှ အထူးစီးပွားရေးဇုံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အရေးနှင့်အနာဂတ်တွင်သူတို့ဒေသ၏အခြေခံအဆောက်အအုံများ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ကြပါသည်။

## Meeting with related organizations and international social experts to confirm socio-economic impact on communities neighboring Thilawa SEZ




Meeting with a Leader of communities, a Community Relation Officer and her assistant to officer, Community Relation Department in MJTD to confirm about socio-economic impact on neighbouring communities by Thilawa SEZ and CSR activities by MJTD to community villages on 6 September 2016. Additionally, the meeting with a officer from OSSC and an assistant manager, Operations Department in MJTD to confirm about overall environmental conservation and prevention system inside and around Thilawa SEZ. Moreover, the meeting with Labour section in OSSC to confirm about employment in Thilawa SEZ. Site survey inside and around Thilawa SEZ was also conducted on 14 September 2016.

## Interviewing about the development of Thilawa SEZ with neighbouring Village Tract and Ward Administrators in Thanlyin Township and Kyauktan Township (From 26 September to 30 September , 2016)



From 26 September to 30 September, Socio-economic questionnaires were asked to Village Tract and Ward Administrators of Communities neighboring Thilawa SEZ; Hpa Yar Kone Village Tract, Let Yet San Village Tract, Ah Lun Soke Village Tract in Thanlyin Township and Aye Mya Thi Dar Ward, Shwe Pyi Thar Yar Ward, Thi Tar Myaing Ward, Nyaung Waing Village Tract and Shwe Pyauk Village Tract in Kyauktan Township. Their opinion and perception of the development of Thilawa SEZ and current socio-economic condition of their places were heard from them and existing data about their area is also received from them. All of them thought that Thilawa SEZ should be developed for local economic development although there are some negative environmental and social impacts due to the development. Most of them expect job and business opportunities and infrastructure improvement in their area in the future due to the development of SEZ.